# မြန်မာနိုင်ငံလုံးဆိုင်ရာ ဌာနေတိုင်းရင်းသားများမဟာမိတ်အင်အားစု

နေ့စွဲ။ ။ ၁၂ရက်နေ့၊ ဖေဖော်ဝါရီလ၊ ၂၀၂၁ခုနှစ်

၂၀၂၁ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်နေ့တွင် ဖြစ်ပွားခဲ့သော မြန်မာ့စစ်တပ်မှအာဏာသိမ်းမှုအား ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါသည်။ အဆိုပါအာဏာသိမ်းမှုအား ဆန့်ကျင်သည့် လူထုအထွေထွေသပိတ်သည် မြန်မာနိုင်ငံတဝှမ်းမှ တိုင်းရင်းသားပြည်သူများ၏ ပူးပေါင်းမှုဖြင့် အားကောင်းစွာ ဆက်လက် လုပ်ဆောင်နေကြသည့်အပေါ် ကြိုဆိုထောက်ခံသည်။ တစ်ပြိုင်နက်တည်းတွင်ပင် ရေရှည်တည်တံ့သည့် ဖက်ဒရယ်ဒီမိုကရေစီကို အခြေခံသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်မှသာလျှင် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားများ ရေရှည်တိုက်ပွဲဝင်လာခဲ့သည့် တန်းတူညီမျှရေးကို ရရှိနိုင်မည်ကိုလည်း သတိချပ်စေလိုပါသည်။ သို့ဖြစ်ပါ၍ တိုင်းရင်းသားအင်းအားစုများနှင့် အစုအဖွဲ့အသီးသီးအား အောက်ပါအတိုင်း တိုက်တွန်းလိုက်ရပါသည်။

**တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များအနေဖြင့် မိမိတို့သက်ဆိုင်ရာတိုင်းရင်းသားလူမျိုးများ၏ ဘဝနှင့် ဖြစ်တည်မှုအား အကာအကွယ်ပေးပြီး မိမိတို့၏ ပြည်သူလူထုအတွက် အခိုင်အမာရပ်တည်ပေးရန် တာဝန်ရှိသည်နှင့်အညီ အောက်ပါအတိုင်းအကြံပြုတိုက်တွန်းအပ်ပါသည်။**

၁။ စစ်အာဏာရှင်မှဖြစ်လာနိုင်သည့် လက်နက်အင်အားသုံးဖြိုခွင်းမှုများရှိလာပါက မတရားပြုကျင့်ခံရ သူများအား တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့် ဝင်ရောက်အကူအညီ အထောက်အပံ့ပေးနိုင်ရန်အတွက် အသင့်အနေအထားဖြင့် ရှိနေပေးရန်။

၂။ တိုင်းရင်းသားလက်နက်ကိုင်များအနေဖြင့် လက်ရှိအာဏာသိမ်းယူသည့် တပ်မတော်အစိုးရအား အသိအမှတ်မပြုရန်နှင့် ပူးပေါင်းဆောင်ရွက်မှု မပြုလုပ်ရန်။

၃။ လက်ရှိတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြား နိုင်ငံရေးမဟာမိတ်၊ စစ်ရေးမဟာမိတ် ပြန်လည်တည်ဆောက်ရန်။

၄။ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရှိသော ဖက်ဒရယ်စနစ်ကို ပေါ်ပေါက်လာစေရန်အတွက် အင်တိုက်အားတိုက်လုပ်ဆောင်ရန် အချိန်ကောင်းဖြစ်သည်နှင့်အညီ တိုင်းရင်းသားဒီမိုကရေစီ အင်အားစုနှင့်တကွ အကောင်အထည်ဖော်ဆောင်ရွက်ရန်။

၂၀ဝ၈ဖွဲ့စည်းပုံအခြေခံဥပဒေမှ ပေါ်ပေါက်လာသော နိုင်ငံရေးစနစ်၊ လွှတ်တော်နှင့်အစိုးရသည် မြန်မာပြည်၏လက်ရှိဖြစ်ပေါ်နေသော နိုင်ငံရေးနှင့် စစ်ရေးပဋိပက္ခများကို ဖြေရှင်းနိုင်မည်မဟုတ်ကြောင်း လက်ရှိစစ်အာဏာသိမ်းမှုက သက်သေပြနေပြီဖြစ်သည်။ သို့ဖြစ်ပါသောကြောင့် မြန်မာပြည်၏ နိုင်ငံရေးပြဿနာနှင့် စစ်ရေးပဋိပက္ခများ ရာသက်ပန်ချုပ်ငြိမ်းစေရန်အတွက် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အပြည့်အဝရှိသော ဖက်ဒရယ်ဒီမိုကရေစီစံနှုန်းနှင့် ကိုက်ညီသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရန်လိုအပ်ပါသည်။

**ထို့ကြောင့် ပြည်မအခြေစိုက်ဒီမိုကရေစီအင်အားစုများအား အောက်ပါအတိုင်း အကြံပြုတိုက်တွန်းအပ်ပါသည်။**

၁။ ၂၀ဝ၈ ဖွဲ့စည်းပုံအခြေခံဥပဒေဖျက်သိမ်းရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အပြည့်အဝရှိပြီး ဖက်ဒရယ်ဒီမိုကရေစီစံနှုန်းနှင့် ကိုက်ညီသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်လာစေရေးအတွက် တိုင်းရင်းသားအင်အားစုများနှင့် အတူတကွပူးပေါင်းဆောင်ရွက်ရန်။

၂။ တိုင်းရင်းသားတန်းတူရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အပြည့်အဝရှိသောဒီမိုကရေစီစနစ်ပေါ်ထွန်းစေရန်အတွက် ကျွန်ုပ်တို့တိုင်းရင်းသားများနှင့်အတူ ပူးပေါင်းလက်တွဲပြီး အင်တိုက်အားတိုက်ပူးပေါင်းဆောင်ရွက်ရန်။

၃။ ပြည်မအခြေစိုက်ဒီမိုကရေစီအင်အားစု၊ တိုင်းရင်းသားဒီမိုကရေစီအင်အားစုနှင့် တိုင်းရင်းသားတော်လှန်ရေးလက်နက်ကိုင်အဖွဲ့အစည်းတို့ အားလုံးပူးပေါင်းဆောင်ရွက်ရန်။